Internal Revenue Department

# စာရင်းစစ်ဆေးခြင်းအစီအစဉ်

## သင်ရရှိထိုက်သည့် ဝန်ဆောင်မှုများရရှိစေရန် တည်ဆဲအခွန်ဥပဒေများကို လိုက်နာပါ။

### ပြည်တွင်းအခွန်များဦးစီးဌာန၏ အခန်းကဏ္ဍ

ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်မူဝါဒနှင့်ကောက်ခံရေးလုပ်ငန်းကို စနစ်တကျကဏ္ဍများခွဲခြား၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ရည်မှန်းချက်မှာ "ပြည်သူလူထု၏ ကြွယ်ဝချမ်းသာမှုအလို့ငှာအခွန်ကို အမြင့်ဆုံးရရှိစေရန်အတွက် စွမ်းရည်ပြည့်ဝသော ဝန်ဆောင်မှုပေးခြင်းဖြင့် အခွန်ထမ်းများအနေဖြင့် နိုင်ငံသားကောင်းများပီပီ ဆန္ဒအလျောက်အခွန်ပေးဆောင်လာစေရေး" ဖြစ်ပါသည်။

### စာရင်းစစ်ဆေးခြင်း

စာရင်းစစ်ဆေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ အခွန်ထမ်းကြီးများ အနေဖြင့် တည်ဆဲအခွန်ဥပဒေများကို လိုက်နာခြင်းရှိမရှိ သတ်မှတ်ဆုံးဖြတ်ရန် ဖြစ်ပါသည်။ စာရင်းစစ်ဆေးခြင်းသည် ကမ္ဘာတစ်ဝှမ်းရှိ အခွန်ဌာနများ ဆောင်ရွက်နေကျလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ မိမိတို့၏စာရင်းစစ်ဆေးခြင်းအစီအစဉ်သည် ဆန္ဒအလျောက်လိုက်နာဆောင်ရွက်မှုတိုးတက်စေရန်၊ ဥပဒေပိုင်းအရ ရှင်းလင်းအောင်ပြုလုပ်ရမည့်အပိုင်းများအား ရှာဖွေတွေ့ရှိရန်၊ ဝင်ငွေနှင့်အခွန်ဆိုင်ရာ ပေးရန်တာဝန်များ ကိုက်ညီမှုရှိစေရန်သာ ရည်ရွယ်ပါသည်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသည် အခွန်ထမ်းကြီးများတင်ပြလာသော ကြေငြာလွှာများကို လက်ခံရရှိပါသည်။ တင်သွင်းထားသောကြေငြာလွှာများသည် တည်ဆဲအခွန်ဥပဒေများနှင့် ကိုက်ညီမှုရှိကြောင်း စိစစ်နိုင်စေရန် အခွန်ထမ်း၏စာရင်းများ၊ မှတ်တမ်းမှတ်ရာများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများကို စစ်ဆေးသွားမည်ဖြစ်ပါသည်။

အခွန်ထမ်းကြီးများတင်သွင်းထားသော အခွန်ကြေညာလွှာအများစုကို တင်သွင်းသည့်အတိုင်း လက်ခံပါသည်။ အကယ်၍ လူကြီးမင်း၏ကြေငြာလွှာနှင့်စပ်လျဉ်းပြီး မေးမြန်းခြင်း၊ စာရင်းစစ်ဆေးရန် ရွေးချယ်ခြင်းသည် လူကြီးမင်းတို့အနေဖြင့် ရိုးသားမှုမရှိခြင်း၊ အမှားတစ်ခုခု ကျူးလွန်ထားခြင်းကြောင့် မဟုတ်ပါကြောင်း သိစေလိုပါသည်။ စာရင်းစစ်ဆေးခြင်းအားဖြင့် လူကြီးမင်းတို့

ယခင်ကပြုလုပ်ခဲ့သော စာရင်းဆိုင်ရာ အမှားများအား စစ်ဆေးသိရှိစေပြီး၊ အကြံပြုပေးနိုင်ခြင်း၊ အနာဂတ်ကာလတွင် ဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများ လိုက်နာဆောင်ရွက်မှု ပိုမိုကောင်းမွန်စေနိုင်မည် ဖြစ်ပါသည်။ ဌာန၏ရည်မှန်းချက်မှာ ဆန္ဒအလျောက် လိုက်နာဆောင်ရွက်မှု တိုးတက်စေရန် ဖြစ်ပါသည်။ ထိုသို့စစ်ဆေးခြင်းသည် ပေးဆောင်ရမည့်အခွန်ကို တိုးစေခြင်း သို့မဟုတ် လျော့စေခြင်းများ ဖြစ်စေနိုင်ပါသည်။

### ကြေညာလွှာများကို ရွေးချယ်ခြင်း

အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးအနေဖြင့် စာရင်းစစ်ဆေးမည့် ကြေညာလွှာများရွေးချယ်ရာတွင် ဆုံးရှုံးနိုင်ခြေကိုအခြေပြု၍ ဆန်းစစ်ရွေးချယ်သည့်နည်းလမ်းဖြင့် ရွေးချယ်ထားခြင်း ဖြစ်ပါသည်။

### စာဖြင့်ဆက်သွယ်ခြင်း

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှ စုံစမ်းစစ်ဆေးခြင်း၊ မေးမြန်းခြင်းတို့ကို စာဖြင့်ပေးပို့ ဆက်သွယ်မည်ဖြစ်ပါသည်။ လူကြီးမင်းအနေဖြင့်လည်း တောင်းခံထားသော အချက်အလက်များကို စာဖြင့်ပေးပို့ရမည်။ စစ်ဆေးမည့် အဖွဲ့နှင့်လည်း လူကိုယ်တိုင်တွေ့ဆုံရန် တောင်းခံနိုင်ပါသည်။ လူကြီးမင်းအနေဖြင့် တောင်းခံထားသောအချက်အလက်များနှင့်ပတ်သက်ပြီး မရှင်းလင်းသောမည်သည့်ကိစ္စကိုမဆို နှောင့်နှေးကြန့်ကြာမှု မရှိပဲ သတ်မှတ်ထားသောရက်အတွင်း အကြောင်းပြန်ကြားရန် ဖြစ်ပါသည်။

### တွေ့ဆုံမေးမြန်းခြင်း

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှ လူကြီးမင်းတို့နှင့် တွေ့ဆုံမေးမြန်း၍ စုံစမ်းစစ်ဆေးရန် အကြောင်း

INTERNAL REVENUE DEPARTMENT

ကြားခဲ့လျှင် သို့မဟုတ် လူကြီးမင်းတို့မှ တွေ့ဆုံလိုခွင့် တောင်းခံလျှင် အခွန်ရုံးနှင့်အခွန်ထမ်း နှစ်ဦးနှစ်ဖက် အဆင်ပြေမည့် အချိန်နှင့်နေရာတို့ကို ညှိနှိုင်းခွင့်ရှိပါသည်။ စာရင်းစစ်ဆေးသည့်အဖွဲ့သည် ကြေညာလွှာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြောင်းလဲမှုရှိပါက ပြောင်းလဲရခြင်း အကြောင်းကို ရှင်းလင်းပြမည် ဖြစ်ပါသည်။

### အခွန်ပြန်အမ်းငွေ

မည်သည့်နှစ်အတွက်မဆို တစ်စုံတစ်ယောက်သောသူက ပေးဆောင်ခဲ့သောအခွန်သည် သက်ဆိုင်ရာ ဥပဒေအရ အမှန်ပေးဆောင်အပ်သည့် အခွန်ငွေထက် ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးမှ စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန် ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

### မသမာမှုများကို တိုင်ကြားခြင်း

အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏ ဝန်ထမ်းများအနေဖြင့် မည်သည့်အချိန်ဖြစ်စေ ဂုဏ်သိက္ခာရှိစွာ နေထိုင်ပြုမူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းအနေဖြင့် ဝန်ထမ်းတစ်ဦးဦး၏ မရိုးသားသောလုပ်ဆောင်ချက် တစ်စုံတစ်ရာတွေ့ရှိပါက အချက်အလက် အမှန်အတိုင်း တိုင်ကြားစေလိုပါသည်။ ယင်းလုပ်ဆောင်ချက်များတွင် ငွေသား သို့မဟုတ် လာဘ်ပေး လာဘ်ယူပြုလုပ်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ ကိုယ်ကျိုး စီးပွားရှာခြင်း စသည်တို့ပါဝင်ပါသည်။

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ ဌာနမှူး၏ ဖုန်းအမှတ် ---------- သို့ သတင်းလုံခြုံမှုကို ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်စေလိုပါသည်။ သင်မည်သူဖြစ်သည်ကို လျှို့ဝှက်ထားပေးမည် ဖြစ်ပါသည်။




INTERNAL REVENUE DEPARTMENT